သံအရာရှိများနှင့်ကောင်စစ်အရာရှိများ(ကျမ်းသစ္စာများနှင့်အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃ ။)

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်

(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့်အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ သံအရာရှိများနှင့် ကောင်စစ်အရာရှိများ(ကျမ်းသစ္စာများနှင့်အခကြေးငွေများ) အက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

(က) **"သံအရာရှိ"** ဆိုရာတွင် သံအမတ်ကြီး၊ သံအမတ်၊ သံမှူးကြီး၊ သံမှူး၊ သံရုံး၏ အတွင်းဝန်နှင့် သံရုံးယာယီတာဝန်ခံတို့ ပါဝင်သည်။

(ခ) **"ကောင်စစ်အရာရှိ"** ဆိုရာတွင် ကောင်စစ်ဝန်ချုပ်၊ ကောင်စစ်ဝန်၊ ဒုတိယကောင်စစ်ဝန်တို့ ပါဝင်သည့်အပြင် ထိုပုဂ္ဂိုလ်တစ်ဦးဦး၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန် အာဏာ လွှဲအပ်ခြင်းခံရသော အခြားပုဂ္ဂိုလ်လည်း ပါဝင်သည်။

၃။ သံအရာရှိများနှင့် ကောင်စစ်အရာရှိများ(ကျမ်းသစ္စာများနှင့်အခကြေးငွေများ) အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (၁) တွင် ပါဝင်သော "တိုင်းတပါးတွင်ဖြစ်စေ၊ အရပ်တပါးတွင်ဖြစ်စေ " ဆိုသည့် စကားရပ်ကို "နိုင်ငံအတွင်းတွင်ဖြစ်စေ၊ နိုင်ငံပြင်ပတွင်ဖြစ်စေ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့်အခကြေးငွေများ) အက်ဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၇။(၁) နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဤအက်ဥပဒေပါ ကိစ္စရပ်များကို ဆောင်ရွက်ရန် အလို့ငှာ -

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်နိုင်သည်။ "

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေအား ပြင်ဆင်သည့် ဥပဒေ (မူကြမ်း) ရေးဆွဲမှု စစ်ဆေးချက်ဇယား

စဉ်	လက်ရှိဥပဒေ	ဥပဒေသစ် ပြဋ္ဌာန်းချက်	ကျိုးကြောင်းဖော်ပြချက်
၁	ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့် အရေးများနှင့် ကင်းလွတ်ခွင့် များ) အက်ဥပဒေ	ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။) ၁၃၇၆ ခုနှစ်၊ လ၊ ရက် ၂၀၁၄ ခုနှစ်၊ လ၊ ရက် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ ၁။ ဤဥပဒေကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့(အခွင့်အရေးများ နှင့် ကင်းလွတ် ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။ ၂။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့် အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေဆိုင်ရာ ပုဒ်မ ၃ တွင် ပါရှိသော ‘ပြည်ထောင်အချင်းချင်း သဘောတူစာချုပ်၊ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၊ သို့တည်းမဟုတ် အခြားစာချုပ်စာတမ်း’ ဆိုသည့် စကားရပ်အား **‘အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်း**	အဆိုပါ ကမ္ဘာ့ ကုလသမဂ္ဂ အဖွဲ့ (အခွင့် အရေးများနှင့် ကင်းလွတ်ခွင့်များ) အက် ဥပဒေသည် ၁၉၅၄ ခုနှစ် က ပြဋ္ဌာန်းထားသော ဥပဒေတစ်ရပ် ဖြစ်ခြင်း၊ ယင်းဥပဒေ၏ ရည်ရွယ် ချက်မှာ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့၏ အခွင့်အရေးများ နှင့် ကင်းလွတ်ခွင့်များဆိုင် ရာ သဘောတူစာချုပ်ကို အကျိုး သက်ရောက်စေ သင့်သည်လည်း တစ် ကြောင်း၊ အလားတူ အခွင့် အရေးများနှင့် ကင်းလွတ် ခွင့်များကို အခြား အပြည် ပြည်ဆိုင်ရာ အဖွဲ့အစည်း များ အားလည်းကောင်း၊ ထိုအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့် အရာရှိများအားလည်း ကောင်း၊ ခံစားစေနိုင် အောင် ပြုသင့်သည် လည်းတစ်ကြောင်းစသည့် အကြောင်းများဖြင့် ပြ ဋ္ဌာန်းထားသော ဥပဒေ

		ချင်းဆိုင်ရာစာချုပ်များ’ ဆိုသည့် စကား ရပ်ဖြင့် အစားထိုးရမည်။ ၃။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ် ခွင့်များ) အက်ဥပဒေဆိုင်ရာ ပုဒ်မ ၄ အား အောက်ပါအတိုင်း အစားထိုးရမည်။ **နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဤအက်ဥပဒေပါ ကိစ္စရပ်များကို ဆောင်ရွက်ရန်အလို့ငှာ ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများ ထုတ်ပြန်နိုင် သည်။** ၄။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေဆိုင်ရာ ဇယား၊ Article-1 ၏ Section-1 တွင် ပါရှိသော **“judicial”** ဆိုသည့် စကားရပ်အစား **“juridical”** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။	တစ်ရပ်ဖြစ်ပြီး လက်ရှိ ခေတ်အခြေအနေနှင့် လိုက်လျော ညီထွေမှု ရှိသည့် စကားလုံးများကို အစားထိုးအသုံးပြုနိုင်ရေး အတွက် ပြင်ဆင် ပြဋ္ဌာန်းသင့်သော ဥပဒေတစ်ရပ် ဖြစ်ပါသည်။